ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# သင့်အမည် မဲဆန္ဒရှင်စာရင်းမှာ ပါ/မပါ စစ်ဆေးပြီးပြီလား

ယခုတစ်ကြိမ်က မဲဆန္ဒရှင်စာရင်းမှာ သင့်အမည် ပါ/မပါ စစ်ဆေးနိုင်သည့် နောက်ဆုံး အခွင့်အရေးပဲဖြစ်ပါတယ်။ အခုပဲသွားရောက် စစ်ဆေးလိုက်ပါ။



#သင့်အမည် ပါ/မပါ စစ်ဆေးပါ။

## ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ (၈) ရက်နေ့တွင် ကျင်းပပါမယ်။ သင် မဲပေးဖို့ အဆင်သင့်ဖြစ်ပါပြီလား။

အောက်ဖော်ပြပါအချက်တွေကတော့ အရေးကြီးတဲ့သတိပေးချက်တွေပါ –

### အဆင့် (၁) ဘေးကင်းလုံခြုံစွာနေပါ။

သင်နဲ့သင့်ပတ်ဝန်းကျင်ကို ဘေးကင်းလုံခြုံစေပါ။ Covid-19 ရောဂါ ဘေးကင်း လုံခြုံရေးလမ်းညွှန်ချက်များကို လိုက်နာပါ။

**ဘာတွေလုပ်ဆောင်ရမှာပါလဲ။**

- နေမကောင်းဖြစ်ရင် အိမ်မှာပဲနေပါ။ ဆရာဝန်ကို ဆက်သွယ်၍ အကူအညီတောင်းခံပါ။
- တစ်ဦးနှင့် တစ်ဦး (၆)ပေ အကွာတွင်နေပါ။
- အပြင်ထွက်တိုင်း နှာခေါင်းစည်း (Mask) တပ်ပါ။
- လက်ဆွဲနှုတ်ဆက်ခြင်းမှ ရှောင်ကြဉ်ပါ။
- မျက်နှာကို ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ။
- နှာချေ၊ ချောင်းဆိုးသည့်အခါ နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင်ဖုံးပါ။ (သို့မဟုတ်) တစ်ရှူးစက္ကူ အသုံးပြု၍ ကာကွယ်ပါ။
- လက်ကိုရေနှင့် ဆပ်ပြာ အသုံးပြု၍ မကြာခဏ ဆေးကြောပါ။
- အသုံးပြုပြီးသော တစ်ရှူးစက္ကူများကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ လက်ကိုစနစ်တကျ စင်ကြယ်အောင် ဆေးကြောပါ။

### အဆင့် (၂) သင်ကဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဖြစ်ပါသလား။

ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး မိမိနေထိုင်သော မဲဆန္ဒနယ်၏ မဲဆန္ဒရှင်စာရင်းတွင် အမည်စာရင်းပါဝင်ဖော်ပြထားသည့် နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ မည်သူမဆို။


### အဆင့် (၃) မဲစာရင်းစစ်ဆေးပါ။

ပထမတစ်ကြိမ်တွင် မဲဆန္ဒရှင်စာရင်းစစ်ဆေးပြီးဖြစ်သောမဲဆန္ဒရှင်များ အနေဖြင့် ယခုတစ်ကြိမ်တွင်လည်း ထပ်မံ၍ မဲစာရင်းသွားရောက် စစ်ဆေးပါ။ ယခုတစ်ကြိမ်က သင့်ရဲ့နောက်ဆုံးအခွင့်အရေး ဖြစ်သည့်အတွက် မဲဆန္ဒရှင်စာရင်းထဲပါဝင်ရန်နှင့် နောက်ထပ် ပြင်ဆင်မှုများမရှိစေရန်သေချာဖို့လိုပါသည်။

**မဲဆန္ဒရှင်စာရင်းသွားရောက်စစ်ဆေးရန် သင့်မှာ အချိန်မရှိ/မလုံလောက် ဖြစ်နေပါသလား။**

အွန်လိုင်းကနေ စစ်ဆေးလိုက်ပါ။

**https://findyourpollingstation.uec.gov.mm**



ဤ QR ကုတ်ကို အသုံးပြု၍ ဝက်ဘ်ဆိုက်ကို လွယ်ကူစွာ ဝင်ရောက်နိုင်ပါတယ်။ ဘယ်လိုလုပ်ရပါမလဲ။



(၁) သင့်ဖုန်းမှ QR ကုတ်ဖတ်သည့် app ကိုဖွင့်ပါ။
(၂) ဖုန်းမျက်နှာပြင်တွင် QR ကုတ်အား ရှင်းလင်းစွာမြင်သည့်အထိ ချိန်၍ဖတ်ပါ။
(၃) ဝက်ဘ်ဆိုက်သို့ဝင်ပါ။
(၄) ပြည်ထောင်စုဖောင့်ကိုသာ အသုံးပြုရပါမည်။ (ဇော်ဂျီဖောင့်အသုံးပြု၍မရပါ)


အကယ်၍ မဲဆန္ဒရှင်စာရင်းတွင် သင့်အမည်မပါဝင်ပါက (သို့မဟုတ်) ကိုယ်ရေးအချက်အလက်များမှားယွင်းနေပါက ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံသွားရောက်၍ လိုအပ်သည့် ပုံစံတောင်းယူ၍ ဖြည့်စွက်ပြင်ဆင်ပါ။

## သတိရပါ –

ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲဆန္ဒရှင်စာရင်း၌ မိမိအမည်ကို လွယ်ကူစွာရှာဖွေနိုင်ရန် ရိုးရှင်းသည့် အောက်ဖော်ပြပါအကြံပြုချက်များကိုလိုက်နာပါ။


(၁-က) မဲဆန္ဒရှင်စာရင်းကပ်ထား ကြေညာစဉ်တွင်မိမိ၏မဲစာရင်း အမှတ်စဉ်ကို မှတ်သားထားပါ။

(၂) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံပြင်ပ၌ ကပ်ထားကြေညာသည့် မဲဆန္ဒရှင်စာရင်း၌ မိမိအမည်နှင့် မဲစာရင်းအမှတ်စဉ်ကိုရှာပါ။



(၁-ခ) သို့မဟုတ်ပါက အွန်လိုင်းမှ မိမိအမည်ကိုစစ်ဆေးပါ။ မိမိ၏မဲစာရင်းအမှတ်စဉ်ကို မှတ်သားထားပါ။

(၃) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံအတွင်းဝင်ရောက်သည့်အခါ လွယ်ကူစွာ သင့်အမည်အား မဲစာရင်းတွင် ရှာဖွေနိုင်ရန် မဲစာရင်းစစ်ဆေးသူအား သင့်၏မဲစာရင်းအမှတ်စဉ်ကို ပြောပြပါ။



ဤအခွင့်အရေးကို အသုံးပြု၍ သင့်မိသားစုဝင်များရဲ့ မဲစာရင်း အမှတ်စဉ်များကိုလည်းစစ်ဆေးလိုက်ပါ။ ယခုလိုပြုလုပ်ခြင်းသည် သင်၏ ဆန္ဒမဲပေးခြင်းကို လျင်မြန်စေမည်ဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်းကိုလည်း အထောက်အကူဖြစ်စေပါမည်။

### အဆင့် (၄) သွားရောက်ဆန္ဒမဲပေးပါ။

ဂုဏ်ယူပါတယ်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ (၈) ရက်နေ့မှာ သင်ဆန္ဒမဲ ပေးဖို့အဆင်သင့်ဖြစ်ပါပြီ။



## အတူတကွ မဲပေးကြပါစို့

**မဲဆန္ဒရှင်စာရင်းမှာ မိမိအမည် ပါ/မပါ သွားရောက်စစ်ဆေးဖို့ မမေ့ပါနဲ့။**




Australian Aid
Canada
DENMARK
Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra
Swiss Agency for Development and Cooperation SDC
UKaid
USAID FROM THE AMERICAN PEOPLE
IFES


ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လူမှုကွန်ရက်စာမျက်နှာ
https://web.facebook.com/uecmyanmar

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဝက်ဘ်ဆိုက်
https://www.uec.gov.mm